教育部外语专业面向21世纪缅甸语语言类主干课程教材

# 大学缅甸语

ပင်ရင်းမြန်မာစာ

## （二）

中国人民解放军外国语学院
曲永恩 尹湘玲 钟智翔 编著



军事谊文出版社

# 编者的话

1.中国人民解放军外国语学院缅甸语专业自创办以来，曾编写过多种缅甸语综合教材。但是，由于种种原因均未能正式出版。这次借被教育部立项并批准为外语专业面向 21 世纪缅甸语语言类主干课程教材之机，根据高等学校外语专业教学内容和课程体系改革的要求，保留了原有教学效果好、比较实用的课文，同时又补充了许多新内容，重新编写了《缅甸语综合教程》。

2.《缅甸语综合教程》共分三册，供高等学校缅甸语专业一、二、三年级学生学习，每学年一册，也可以供自学者使用。

3.本教程分三个部分：第一部分为语音部分，包括第一册 1～8 课。主要教授缅甸语基本语音的发音方法、拼音规律、连读技巧、书写特点和方法。以每周 18 学时计算，共讲授 5 周。第二部分为基本句型和课文部分，包括第一册第 9～18 课，主要教授日常生活会话中的常用句型，计划每周一课。第三部分为课文部分，包括第一册 19～32 课、第二册 1～26 课、第三册 1～24 课。第一册 19～32 课和第二册 1～14 课重点在基本语法上，第二册 15～26 课和第三册重点在词汇的辨义和运用上。

4.本教程的课文内容力求题材和体裁多样化。除传统的语言、文学类内容外，还包括了部分社科、科技类等方面的内容。课文体裁以记叙文为主，适当选用了一定数量的说明文、议论文和应用文。每课包括课文、生词、注释和练习四部分。注释部分除包括语法基础知识、课文难点解释外，还有针对性地就缅甸语言的特点、文化背景知识作简要注释或说明。练习部分除配有为训练

听、说、读、写、译五会能力而设计的习题外，还配有一定数量的综合性习题，以便学生归纳总结和复习巩固所学知识。

5.根据缅甸语有口语体和书面语体之分的特点及多年的教学经验，为促使学生打好扎实的语言基本功，尽快上口使用，又避免初学时易出现的口语体和书面语体使用混乱的局面，本教程第一册全部采用口语体形式。在第二册前半部分的注释中，逐步列出口语体与书面语体的对比内容，并配有该类型的练习，以便使学生从口语体自然过渡到书面语体。同时为了进一步巩固学生的口语体知识，在后几册中也适当选用了部分口语体形式的课文。

6.本教程在拼写上全部采用了缅甸教育部缅文委员会 1996 年版《缅文拼写法字典》的拼写形式。

本书在编写过程中，部分吸收了中外学者的研究成果；解放军外国语学院训练部、科装部和亚非语系的领导为本书的问世作了大量的工作，给予了热诚的支持和资助。在此，向他们表示衷心的感谢。

编者

2000 年 8 月

于解放军外国语学院

# မာတိကာ


သင်ခန်းစာ (၁) ရန်ကုန်မြို့အကြောင်း ............ 1
သင်ခန်းစာ (၂) အသံထက်မြန်တဲ့လေယာဉ်ပျံတွေ ............ 13
သင်ခန်းစာ (၃) ပြည်ထောင်စုမြန်မာနိုင်ငံတော် (၁) ............ 24
သင်ခန်းစာ (၄) ပြည်ထောင်စုမြန်မာနိုင်ငံတော် (၂) ............ 40
သင်ခန်းစာ (၅) မြစ်ကြီးဧရာဝတီ ............ 56
သင်ခန်းစာ (၆) ပွဲစား ............ 71
သင်ခန်းစာ (၇) တပေါင်းပွဲတော် ............ 85
သင်ခန်းစာ (၈) ပထမဆုံးအာကာသယာဉ်မှူး ............ 101
သင်ခန်းစာ (၉) ပါးနပ်လိမ္မာတဲ့မောင်ခွေး ............ 119
သင်ခန်းစာ (၁၀) ကမ္ဘာ့ကုလသမဂ္ဂနေ့ ............ 131
သင်ခန်းစာ (၁၁) သင်္ကြန်ပွဲတော် ............ 153
သင်ခန်းစာ (၁၂) တို့ရွာလေးတို့မမေ့ ............ 169
သင်ခန်းစာ (၁၃) ပြည်သူပိုင်ပစ္စည်းတို့ပစ္စည်း ............ 190
သင်ခန်းစာ (၁၄) ပြီးအောင်လုပ် ............ 210
သင်ခန်းစာ (၁၅) လက်ဖွဲ့ကြေး ............ 231
သင်ခန်းစာ (၁၆) ပုံပြင်နှစ်ပုဒ် ............ 244
သင်ခန်းစာ (၁၇) ဈေး ............ 266
သင်ခန်းစာ (၁၈) ဝန်ကြီးချုပ်ချူအင်လိုင်းအား ဂုဏ်ပြုသောညစာစားပွဲတွင်ဝန်ကြီးချုပ်ဦးနု မြွက်ကြားသောမိန့်ခွန်း ............ 286
သင်ခန်းစာ (၁၉) အင်းလေးကန် ............ 300
သင်ခန်းစာ (၂၀) အဖြစ်အပျက်ကလေးတစ်ခု ............ 317
သင်ခန်းစာ (၂၁) ဖောင်စီးရင်းရေငတ်သူ ............ 338

သင်ခန်းစာ (၂၂) မြန်မာပြည်သူတို့၏လွတ်လပ်ရေးတိုက်ပွဲ ........ 353
သင်ခန်းစာ (၂၃) နာဂသို့ခရီးကြမ်း ........ 367
သင်ခန်းစာ (၂၄) ကင်းထောက်ထွက်ခြင်း ........ 393
သင်ခန်းစာ (၂၅) သထုံဝယ်လာခဲ့တယ် ........ 410
သင်ခန်းစာ (၂၆) အသက်တစ်ချောင်းတန်ဖိုးထားကောင်းပါတယ် ........ 434




此为试读，需要完整PDF请访问：www.ertongbook.com

## သင်ခန်းစာ (၁)

# ရန်ကုန်မြို့အကြောင်း

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ မြို့တော် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အကြီးဆုံး ဆိပ်ကမ်းမြို့လည်း ဖြစ်ပါတယ်။ ရန်ကုန်မြစ်ခေါ် လှိုင်မြစ်နဲ့ ပုဇွန်တောင်ချောင်းတို့ ဆုံရာအရပ်မှာ တည်ရှိပြီး ပင်လယ်ဝနဲ့ ၂၁မိုင်လောက် ကွာဝေးပါတယ်။ ရေတက် ရေကျနဲ့ ပင်လယ်ကူး သင်္ဘောကြီးတွေ ရန်ကုန်ဆိပ်ကမ်းကို အရောက် ဝင်ထွက် သွားလာနိုင်တယ်။ ရန်ကုန်မြို့ တည်ရှိတဲ့ လှိုင်မြစ်နဲ့ ဧရာဝတီမြစ်တို့ကို တွံတေးတူးမြောင်းနဲ့ ဆက်သွယ်ထားတယ်။

ရန်ကုန်မြို့ရဲ့ သမိုင်းဟာ နှစ်ပေါင်း ၂၅၀၀ကျော် ရှိပြီ။ အစက ဥက္ကလာပလို့ ခေါ်တယ်။ ၁၁ရာစုနှစ် ရောက်တဲ့အခါ ဒဂုံလို့ နာမည် ပြောင်းလိုက်တယ်။ ၁၇၅၅ခုနှစ်ကျတော့မှ ရန်ကုန်ဆိုတဲ့ နာမည်သစ်ကို ရရှိလာတယ်။ အဓိပ္ပာယ်က ရန်အပေါင်းကို ကုန်စေခြင်း ဖြစ်ပါတယ်။ အလျင်က မန္တလေးမြို့ကို မြို့တော် ပြုလုပ်ခဲ့တယ်။ ၁၈၈၅ခုနှစ်ကစပြီး ရန်ကုန်မြို့ဟာ မြို့တော် ဖြစ်လာခဲ့တယ်။

ရန်ကုန်မြို့ဟာ ဗဟိုအစိုးရရုံး စိုက်ရာမြို့ ဖြစ်လို့ နိုင်ငံတော်အစိုးရရဲ့ ဗဟိုရုံး အဆောက်အအုံတွေနဲ့ ထင်ရှားတဲ့ ပြည်သူ့အဆောက်အအုံတွေကို မြို့တွင်းမှာ တွေ့ရှိနိုင်ပါတယ်။ အတွင်းဝန်ရုံးဟောင်းနဲ့ အတွင်းဝန်ရုံးသစ် ရှိပါတယ်။ အတွင်းဝန်ရုံးဟာ အစိုးရဝန်ကြီးဌာနရုံးတွေ စိုက်ရာနေရာ ဖြစ်တယ်။ ဒီအပြင် နိုင်ငံတော်သမ္မတအိမ်တော်၊ ပြည်သူ့လွှတ်တော် အဆောက်အအုံ၊ မြို့တော်စည်ပင်သာယာရေးရုံး၊ ရဲအဖွဲ့ရုံး၊ တရားရုံး၊ ဗဟိုကြေးနန်းရုံး၊ ဗဟိုစာတိုက်ကြီး၊ ဘဏ်တိုက်တွေ၊ ကုန်တိုက်တွေ၊ စာသင်ကျောင်းတွေ ရှိပါတယ်။ ဆေးရုံတွေ၊ ဈေးကြီးဈေးငယ်တွေ၊ ဟော်တယ်တွေ၊ ရုပ်ရှင်ရုံ၊ ဇာတ်ရုံနဲ့

ပျော်ပွဲစားရုံတွေလည်း ရှိပါတယ်။ မြန်မာ့အသံလို့ ခေါ်တဲ့ မြန်မာနိုင်ငံ အသံလွှင့်ဌာနကိုလည်း မြို့ထဲမှာ ဖွင့်လှစ်ထားတယ်။

ရန်ကုန်မြို့ဟာ တစ်နိုင်ငံလုံးရှိ မြို့ကြီးတွေနဲ့ မီးရထားလမ်း၊ မော်တော်ကားလမ်း၊ လေကြောင်းလမ်းတွေ ဆက်သွယ်ထားတယ်။ ရန်ကုန်မြို့ မြောက်ဘက်ရှိ မင်္ဂလာဒုံလေဆိပ်ဟာ ခေတ်မီတဲ့ လေယာဉ်စခန်းကြီး ဖြစ်ပါတယ်။ ရန်ကုန်မြို့လယ်ရှိ ရန်ကုန်ဘူတာရုံကြီးက ပုသိမ်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ မော်လမြိုင်စတဲ့ မြို့ကြီးတွေကို နေ့စဉ် မီးရထား အစီးပေါင်း အမြောက်အများ ခုတ်မောင်းကြပါတယ်။ မြန်မာနိုင်ငံ အရပ်ရပ်က ထွက်ကုန်ပစ္စည်းတွေ၊ သစ်တောထွက် ကုန်ပစ္စည်းတွေကို ရန်ကုန်မြို့ကတစ်ဆင့် နိုင်ငံခြားတိုင်းပြည်ကို ပို့ဆောင်ပါတယ်။ ဒါကြောင့် ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံတော်ရဲ့ တံခါးဝလို့ ခေါ်ဆိုနိုင်ပါတယ်။

ရန်ကုန်မြို့ ဆင်ခြေဖုံး ပတ်ဝန်းကျင်ကို ကြည့်ရင် ဆန်စက်၊ သစ်စက်၊ ချည်စက်၊ ဆပ်ပြာစက်၊ ထီးစက်၊ သံရည်ကျိုစက်၊ ဂုန်လျှော်စက်၊ စက္ကူစက်၊ ရေနံချက်စက် စတဲ့စက်ရုံတွေကို တွေ့ရပါတယ်။

၁၉၉၀ပြည့်နှစ် သန်းခေါင်စာရင်းအရ ရန်ကုန်မြို့ လူဦးရေဟာ ၂၄၅၈၇၀၀လောက် ရှိတယ်။ လူဦးရေ တိုးတက်လာတာနဲ့အမျှ ရန်ကုန်မြို့ဟာ တစ်နှစ်ထက် တစ်နှစ် တိုးတက် ကျယ်ပြန့်လာပါတယ်။ အခုဆိုရင် ရန်ကုန်မြို့တော် အတွင်းမှာ မြို့နယ်၃၀လောက် ခွဲထားပါတယ်။

ရန်ကုန်မြို့နဲ့ မြန်မာနိုင်ငံ တစ်ဝှမ်းလုံး သာမက ကမ္ဘာ့နိုင်ငံများအထိ ကျော်ကြားတဲ့ ရွှေတိဂုံစေတီတော်ကြီးဟာ ရွှေရောင် တဝင်းဝင်းနဲ့ သပ္ပာယ်လှပါတယ်။ ထင်ရှားတဲ့ အခြားစေတီတွေကတော့ ဆူးလေစေတီတော်၊ ကမ္ဘာအေးစေတီတော်နဲ့ စွယ်တော်မြတ်စေတီတော်တို့ ဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ လမ်းပန်းဆက်သွယ်ရေး ဗဟိုအချက်အချာ မြို့ကြီး ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

## ဝေါဟာရများ

| | | |
|---|---|---|
| မြို့တော် | (န) | 首都 |
| ဆိပ်ကမ်း | (န) | 港口，口岸，港 |
| ရန်ကုန်မြစ် | (န) | 仰光河 |
| ပုဇွန်တောင်ချောင်း | (န) | 勃生塘河 |
| ဆုံ | (ကြိ) | 会合，遇见 |
| အဝ | (န) | 入口 |
| တံခါးဝ | (န) | 门口 |
| ပင်လယ်ဝ | (န) | 海口 |
| ရေတက် | (ကြိ) | 涨潮 |
| | (န) | 涨潮 |
| ရေကျ | (ကြိ) | 退潮，落潮 |
| | (န) | 退潮 |
| ပင်လယ်ကူးသင်္ဘော | (န) | 海轮，远洋轮 |
| တူးမြောင်း | (န) | 运河 |
| တွံတေး | (န) | 端底 |
| ဥက္ကလာပ | (န) | 奥加拉巴 |
| ဒဂုံ | (န) | 大光，达贡 |
| ရန် | (န) | 灾难，祸患，敌人 |
| ဗဟို | (န) | 中央，中心 |
| ရုံး | (န) | 政府机关；办公处 |
| ရုံးစိုက် | (ကြိ) | 设立机关 |
| အတွင်းဝန် | (န) | 秘书 |
| အတွင်းဝန်ရုံး | (န) | 秘书厅（缅甸政府的一些部 |

| | | |
|---|---|---|
| | | 所在地） |
| သမ္မတ | (န) | 总统；共和 |
| သမ္မတအိမ်တော် | (န) | 总统府 |
| ရဲ | (န) | 警察 |
| | (နဝိ) | 勇敢 |
| ရဲအဖွဲ့ရုံး | (န) | 警察局 |
| တရားရုံး | (န) | 法院 |
| ကြေးနန်းရုံး | (န) | 电报局 |
| ကုန်တိုက် | (န) | 商店，商行 |
| ပျော်ပွဲစားရုံ | (န) | 餐馆 |
| မြန်မာ့အသံ | (န) | 缅甸之声（缅甸国家广播电台名） |
| အသံလွှင့်ဌာန | (န) | 广播电台 |
| ဖွင့်လှစ် | (ကြိ) | 开设 |
| လေကြောင်း | (န) | 航空线 |
| မင်္ဂလာဒုံ | (န) | 敏加拉洞 |
| လေဆိပ် | (န) | 机场，航空港 |
| ပုသိမ် | (န) | 勃生 |
| မြစ်ကြီးနား | (န) | 密支那 |
| မော်လမြိုင် | (န) | 毛淡棉 |
| ရွှေတိဂုံစေတီတော် | (န) | 瑞达贡大金塔 |
| ဆူးလေစေတီတော် | (န) | 小金塔 |
| ကမ္ဘာအေးစေတီတော် | (န) | 和平塔 |
| စွယ်တော်မြတ်စေတီတော် | (န) | 佛牙塔 |

| | | |
|---|---|---|
| ခုတ်မောင်း | (ကြိ) | 开动（机器等） |
| ထွက်ကုန် | (န) | 产品；出口货 |
| သစ်တော | (န) | 森林 |
| တွင်းထွက်(ကုန်)ပစ္စည်း | (န) | 矿产品 |
| ပို့ဆောင် | (ကြိ) | 运送 |
| ဆန်စက် | (န) | 碾米厂 |
| ထီးစက် | (န) | 伞厂 |
| သံရည်ကျိုစက် | (န) | 炼铁厂 |
| ဂုန်လျှော် | (န) | 麻，黄麻 |
| သစ်စက် | (န) | 锯木厂，木材加工厂 |
| ရေနံချက် | (ကြိ) | 炼油 |
| သန်းခေါင်စာရင်း | (န) | 人口调查表或统计 |
| မြို့နယ် | (န) | 镇区（缅甸的行政区划中，是省（或邦）的下一级行政单位） |
| ဖူးမြော် | (ကြိ) | 朝拜，朝圣 |

## ရှင်းပြချက်

### 一、အ + 动词

以 အ 构成的某些转化名词，可以充当状语，来表示它后面的动词所产生的效果或达到的目的。这种以 အ 构成的转化名词，在充当状语时，其作用和表示目的的连词 အောင် 相同。

၁။ ရန်ကုန်မြို့ကို အရောက် သွားတယ်။

去到仰光。

၂။ မြွေကို တုတ်နဲ့ အသေ သတ်တယ်။

用棍子把蛇打死。

၃။ ဒီပညာကို သူ့ကို အတတ် သင်ပေးပါ။

请教会他这门手艺。

## 二、词组 လို့ခေါ်တဲ့ 及其省略语 ခေါ်၊(ခ)

လို့ခေါ်တဲ့ 含有“叫做”“称为”“名叫”“又名叫”的意思。例如：

၁။ မြန်မာ့အသံလို့ ခေါ်တဲ့ မြန်မာနိုင်ငံအသံလွှင့်ဌာန

叫做“缅甸之声”的缅甸国家广播电台

၂။ ဗထူးလို့ ခေါ်တဲ့လူ

叫做巴突的人

၃။ ခင်ခင်လို့ ခေါ်တဲ့မအေးခင်

称做钦钦的玛埃钦

လို့ခေါ်တဲ့ 在文章中往往用略语 ခေါ် 或(ခ)代替。例如：

၁။ ရန်ကုန်မြစ်ခေါ်လှိုင်မြစ်

叫做仰光河的莱河

၂။ ခင်ခင်(ခ)မအေးခင်

“钦钦”又名“玛埃钦”

## 三、....ရှိ

名词与动词 ရှိ 组成的词组，不用附加定语成分助词就可以直接充当定语，是 မှာရှိတဲ့ 的略语。例如：

၁။ တစ်နိုင်ငံလုံးရှိ မြို့ကြီးတွေ



此为试读，需要完整PDF请访问：www.ertongbook.com

全国的大城市

၂။ ရန်ကုန်မြို့ မြောက်ဘက်ရှိ မင်္ဂလာဒုံလေဆိပ်

仰光市北面的敏加拉洞机场

၃။ ရန်ကုန်မြို့ အလယ်ရှိ ရန်ကုန်ဘူတာရုံကြီး

仰光市中心的仰光火车站

## 四、အ+量词重叠

后附定语的一种结构形式是，အ 加上重叠一次的量词，表多数。例如：

| | |
|---|---|
| ၁။ မြန်မာနိုင်ငံအရပ်ရပ် | 缅甸各地 |
| ၂။ မြစ်အသွယ်သွယ် | 条条河流 |
| ၃။ တောင်အထပ်ထပ် | 重重叠叠的山 |

## 五、状语词组 ကတစ်ဆင့်

ကတစ်ဆင့် 接在名词后面，含有“通过……”“由经”“由……转”的意思。例如：

၁။ ရန်ကုန်ကတစ်ဆင့် နိုင်ငံခြားတိုင်းပြည်ကို ပို့ဆောင်တယ်။

通过仰光运往外国。

၂။ ပိုဆန်ကတစ်ဆင့် ကူမင်းမြို့ကို ရောက်လာတယ်။

通过（或途经）保山来到昆明市。

## 六、 တစ် + 量词 ထက်တစ် + 量词

含有“一……比一……”的意思，例如：

| | |
|---|---|
| တစ်နှစ်ထက်တစ်နှစ် | 一年比一年 |

တစ်လထက်တစ်လ　　一个月比一个月

တစ်ခါထက်တစ်ခါ　　一次比一次

## 七、习语

၁။ ရေတက်ရေကျနဲ့ ပင်လယ်ကူး သင်္ဘောကြီးတွေ ရန်ကုန်ဆိပ်ကမ်းကို အရောက် ဝင်ထွက် သွားလာနိုင်တယ်။

随潮水涨落海轮可以出入往返于仰光港。

၂။ ရန်ကုန်မြစ်နဲ့ ပုဇွန်တောင်ချောင်းတို့ ဆုံရာအရပ်

仰光和勃生塘河汇合处

ဗဟိုအစိုးရရုံးစိုက်ရာမြို့

中央政府所在的城市

၃။ ကမ္ဘာ့နိုင်ငံများ

本意是“世界上的（许多）国家”，课文中指的是全世界。

### လေ့ကျင့်ခန်း

၁။ အောက်ပါဝါကျတွေကို တရုတ်လို ဘာသာပြန်ပါ။

(၁) ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ မြို့တော် ဖြစ်ပါတယ်၊ မြန်မာနိုင်ငံရဲ့ အကြီးဆုံးမြို့လည်း ဖြစ်ပါတယ်။

(၂) ဒီကုန်ပစ္စည်းတွေကို ၂ရက်အတွင်းမှာ အပြီး သယ်သွားကြပါ။

(၃) မီးရထားလမ်းနဲ့ မော်တော်ကားလမ်း ဆုံရာအရပ်မှာ အိမ်ငယ်တစ်လုံး ရှိတယ်။

(၄) ကျွန်တော် စာတိုက် သွားရာလမ်းပေါ်မှာ မောင်အေးနဲ့ မောင်စုတို့ကို တွေ့ရတယ်။

(၅) မောင်ဘက ကျွန်တော့်ဆီကို အကြိမ်ကြိမ် လာပေမဲ့၊ ကျွန်တော် မြို့ထဲကို သွားလို့ တစ်ခါမှ မတွေ့ဖြစ်ခဲ့ဘူး။

(၆) ကျွန်တော့် ညီလေး ကတစ်ဆင့် ကိုမင်းအောင် ဓာတ်ဗူးတစ်လုံး ပေးခဲ့တယ်။

(၇) ဒီကနေ့မှာ မီးဖိုဆောင်ကို သွားပြီး အလုပ် ကူလုပ်တဲ့ လူဟာ မောင်လှသာမက မောင်ဘလည်း ရှိပါသေးတယ်။

(၈) ကျွန်တော့် သူငယ်ချင်း ကျောက်ပွာဟာ မြန်မာနိုင်ငံ ကတစ်ဆင့် ထိုင်းနိုင်ငံကို ရောက်လာတယ်။

(၉) ဒီအကြောင်းကို သူအခုထက်ထိ မသိသေးဘူး၊ နောင်မှာလည်း သူ့ကို မသိစေနဲ့နော်။

(၁၀) ရန်ကုန်မြို့လယ်ရှိ ရွှေတိဂုံစေတီတော်ကြီးကို ဗုဒ္ဓဘာသာဝင်တွေ လာရောက် ဖူးမြော်ကြရုံသာမက မြန်မာပြည် လာရောက် လည်ပတ်တဲ့နိုင်ငံခြားသားတွေကလည်း လာရောက် ဖူးမြော်ကြတယ်။

၂။ အောက်ပါဝါကျတွေကို မြန်မာလို ဘာသာပြန်ပါ။

1. 上海是中国最大的城市，也是个大港口城市。
2. 在两条河的会合处以东三哩的一个山上，我军把敌人全部打死了。
3. 我说的是真的，你不信吗?
4. 我所要的就是这本书，你给我带来了，真是感谢你呀。
5. 有一个叫貌埃的年轻人，会说缅甸话。
6. 我们走过千山万水，到过全国各地。
7. 我从中国云南出发经曼德勒到达仰光。
8. 在缅甸要上佛塔的话，不光是缅甸人，外国人也必须

脱鞋。

9. 上海市一九九八年人口统计为一千二百万。

10. 今天上午我不复习单词而要复习课文。

၃။ အောက်ပါဝါကျထဲက ကွက်လပ်တွေကို သင့်လျော်တဲ့စကားလုံးနဲ့ ဖြည့်ပါ။

(၁) ပင်လယ်ဝ ________ ဧရာဝတီမြစ် ________ မီးသင်္ဘောနဲ့ မန္တလေး ရောက် ________ တယ်။

从出海口乘火轮顺伊洛瓦底江可到达曼德勒。

(၂) လယ်သမားကြီးက မြွေကြီး ________ သေနတ်နဲ့ ________ သတ်လိုက်တယ်။

老农用枪把大蛇打死了。

(၃) သူတို့ သွားလို ________ အရပ်မှာ မြစ်တစ် ________ ရှိပါတယ်။

他们要去的地方有一条河。

(၄) ဒီအကြောင်းကို ကျွန်တော့်မိတ်ဆွေ ________ ကိုတင်အေးကို ပြောပြခဲ့တယ်။

这件事已通过我的朋友转告了哥丁埃。

(၅) ဒီကလေးဟာ မြန်မာစကား ________ အင်္ဂလိပ်စကား ________ ပြော ________ တယ်။

这个小孩不仅会说缅语，还会说英语。

(၆) မနက်၆နာရီ ________ ညသန်းခေါင်ကျော် ________ မနား မနေအလုပ်လုပ်တယ်။

从早上六点一直干到深夜。

(၇) စားပွဲအောက် ________ ကုလားထိုင်ကိုယူ ________ ။

把桌子下面的椅子拿过来！

(၈) သူ့ကို ____________ ပြောပြခဲ့တယ်၊ ဒါပေမဲ့ သူမေ့သွားပြီ။
已经告诉他多次，但他忘记了。

(၉) မင်္ဂလာဒုံလေဆိပ်ဟာ မြန်မာနိုင်ငံမှာ ____________ လေဆိပ်ဖြစ်တယ်။
敏加拉洞机场是缅甸最大的机场。

(၁၀) ကျွန်တော်တို့ နေတဲ့မြို့မှာ ____ လွတ်မြောက် ____ ကထင်ရှားတဲ့အဆောက်အအုံတစ်ခု ________ မရှိဘူး။
我们所在的城市，解放前连一座像样的建筑也没有。

၄။ အောက်ပါဝေါဟာရတွေနဲ့ ဝါကျဖွဲ့ပါ။

ဒီအပြင် ကတစ်ဆင့်

သာမက

၅။ ဖတ်စာကို အလွတ်ဆိုပါ။

၆။ အောက်ပါမေးခွန်းတွေကို ဖြေဆိုပါ။

(၁) ရန်ကုန်မြို့ဟာ ဘယ်မှာ တည်ရှိသလဲ။

(၂) ရန်ကုန်ဆိုတဲ့နာမည်ဟာ ဘာအဓိပ္ပာယ်လဲ။

(၃) ရန်ကုန်မြို့ရဲ့သမိုင်းကို အကျဉ်းချုပ် ပြောပြပါ။

(၄) မြန်မာနိုင်ငံရဲ့မြို့တော်ဟာ အလျင်က ဘယ်မြို့လဲ၊ ရန်ကုန်မြို့ဟာ ဘယ်အချိန်ကစပြီး မြန်မာနိုင်ငံရဲ့မြို့တော် ဖြစ်လာသလဲ။

(၅) ရန်ကုန်မြို့ရှိ ထင်ရှားတဲ့ အဆောက်အအုံတွေကို သိသလောက် ပြောပြပါ။

(၆) ရန်ကုန်မြို့ဟာ ဘာဖြစ်လို့ မြန်မာနိုင်ငံရဲ့ တံခါးဝလို့ ခေါ်ဆိုကြ

သလဲ။

(၇) ရွှေတိဂုံစေတီတော်ကြီးဟာ ဘယ်မှာ တည်ရှိသလဲ။



此为试读，需要完整PDF请访问： www.ertongbook.com